အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## ရိုဟင်ဂျာညီအစ်ကို ညီအစ်မများနှင့် တစ်သားတည်းရပ်တည်ကြောင်း သတင်းစကားပါးခြင်း

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက်

ယနေ့ ကျရောက်သည့် ရိုဟင်ဂျာများအား လူမျိုးတုံးသတ်ဖြတ်မှု အမှတ်ရအောက်မေ့ဖွယ်နေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ရိုဟင်ဂျာညီအစ်ကို၊ ညီအစ်မများနှင့် တစ်သားတည်း ရပ်တည်ကြောင်းနှင့် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်သည့်အကြမ်းဖက်လုပ်ရပ်များကြောင့် ရိုဟင်ဂျာများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော ဝမ်းနည်းမှု၊ နာကျင်မှုနှင့် ဆင်းရဲဒုက္ခများအား မိမိတို့အနေဖြင့် မျှဝေခံစားရကြောင်း သတင်းစကားပါးလိုက်ပါသည်။ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံနယ်စပ်သို့ ရိုဟင်ဂျာ ၇ သိန်းကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အခြေအနေ ဖြစ်လာစေရန် အင်အားသုံး အကြမ်းဖက်မှုများ ကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်၏ လုပ်ရပ်ကို မိမိတို့ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် မိမိတို့ ၏ အဖွဲ့ဝင် အဖွဲ့အစည်းများသည်လည်း ၎င်းတို့နေထိုင်ရာ တိုင်းရင်းသား နယ်မြေ၊ မွေးရပ်မြေများကို စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်ရသည့် အခြေအနေ များနှင့် ကြုံတွေ့ခဲ့ရပါသည်။ မြန်မာစစ်တပ်သည် တိုင်းရင်းသားလူမျိုးများအား ဆယ်စုနှစ်များစွာ ကျယ်ကျယ်ပြန့်ပြန့် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့သည်။ ယင်းသို့ လုပ်ရပ်များ ကြောင့် အပြစ်မဲ့ပြည်သူ သိန်းနှင့်ချီ၍ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်ကြရပြီး ဒေသခံ ပြည်သူလူထုများမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထိ ဒုက္ခ များကို ကြုံတွေ့ကြရသည်။ အမျိုးသမီးနှင့် ကလေးသူငယ်များသည် အဟာရချို့တဲ့မှု၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်အမြတ်ထုတ်မှု များအပါအဝင် ဒုက္ခဆင်းရဲမျိုးစုံကို ရင်ဆိုင်ကြရသည်။ အထူးသဖြင့် မုဒိမ်းမှုကျူးလွန်ခြင်းကို စစ်လက်နက်ဖွယ် အသုံးချလေ့ရှိပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်အခြေပြု အကြမ်းဖက်မှုများ ကို ပုံစံတူကျူးလွန်ပြီး အဆိုပါ ကျူးလွန်မှုများမှာလည်း အရေးယူမှုမှ ကင်းလွတ်နေခဲ့သည်။ ဆိုရသော်

တိုင်းရင်းသား အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ကျူးလွန်သူများ၏ တာဝန်ယူမှု တာဝန်ခံမှုများသည်လည်း နှောင့်နှေးလွန်းသည် ဟုဆိုရပေမည်။

ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ဆိုးရွားလာခဲ့ပြီး မည်သည့် လိင်အခြေပြုဖြစ်တည်မှု၊ ဘာသာကိုးကွယ်မှုနှင့် လူမှုစီးပွားနောက်ခံရှိသူဖြစ်စေ မည်သည့်နိုင်ငံသားမဆို ယင်းတို့၏ အခြေခံလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအား အာဏာသိမ်းစစ်တပ်မှ ပစ်မှတ်ထားလာခြင်းကို ကြုံတွေ့နေကြရ သည်။

အာဏာသိမ်းစစ်တပ်က သူတို့သည် တရားဥပဒေ၏ အထက်တွင် ရှိသည်ဆိုသော အထင်ဖြင့် ယင်းတို့၏ ရက်စက်ကြမ်းကြုတ်ခြင်းများ၊ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အတွက် မည်သည့် အရေးယူမှုများ ရှိမည် မဟုတ်ဟု ယူဆပြီး ရခိုင်ပြည်နယ်တွင်းနှင့် မြန်မာပြည် အနှံ့ ဆက်လက် ကျူးလွန်နေသည်။ ပြစ်ဒဏ်မှကင်းလွတ်နေခြင်းက ယင်းတို့ကို ဆက်လက်အတင့်ရဲနေစေသောကြောင့် ကမ္ဘာ မှ ယင်းတို့အား အရေးယူ အပြစ်ပေးရန် လိုအပ်သည်။ သို့မှသာ ရိုဟင်ဂျာ ညီအစ်ကို၊ ညီအစ်မများနှင့် ဆယ်စုနှစ်များစွာ ခံစားခဲ့ရသည့် တိုင်းရင်းသား ပြည်သူများ ကဲ့သို့ ဤခါးသီးလှသော အနိဌာရုံများကို နောင်လာနောက်သားများအနေဖြင့် ကြုံတွေ့ မှုမရှိစေရန် အာမခံနိုင်မည် ဖြစ်သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ တရားမဲ့သတ်ဖြတ်ခြင်းများ၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအားမတရားဖမ်းဆီးခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် လူမဆန်စွာ ပြုမူဆက်ဆံခြင်းများ ရပ်တန့်ရန်အတွက် မိမိတို့ဆောင်ရွက်ရပါမည်။

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အာဏာသိမ်းစစ်ခေါင်းဆောင်များအား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့မဟုတ် အလားတူ ခုံရုံးသို့ ချက်ချင်းလွှဲပြောင်းပေးရန် (သို့မဟုတ်) တရားမျှတမှု ဆောင်ကျဉ်းနိုင်ရန် အခြားတူညီသည့် ခုံရုံးများသို့ တင်ပြရန် ထပ်လောင်း တောင်းဆိုပါသည်။

ရိုဟင်ဂျာညီအစ်ကို၊ ညီအစ်မများ၏ နာကျင်မှုများအား မိမိတို့၏ နှလုံးသားဖြင့် မျှဝေခံစားပြီး တရားမျှတ မှုရရှိရန်အတွက် ကာလရှည်ကြာစွာ ရှိနေခဲ့သည့် အဟန့်အတားများအား အတူတကွ ဖယ်ရှားနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။

**တစ်သားတည်းရပ်တည်လျက်**
**အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) ညီအစ်မများ**